




mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



K0299

mgyoe.com

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ခင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - အောက်တိုဘာ လ၊ ၂၀၀၂ ခုနှစ်။
**BOOKMAN Publishing House**
ဒုတိယအကြိမ် - ဩဂုတ် လ၊ ၂၀၀၇ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
ပုံနှိပ်သူ - ဦးလင်းအေးနည် (သီရိဂုဏ်ဝေပုံနှိပ်တိုက်)[၀၁၄၃၇]
အမှတ် (၃၂) ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးဒီဇိုင်း - သော်သိဂ်ါ
အတွင်းဒီဇိုင်း - သော်သိဂ်ါ
တန်ဖိုး - ၂၅၀၀

mgyoe.com

mgyoe.com SAMPLE BOOK

မင်းလူ

# ဝတ္ထုတို စ-ဆုံး

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗေယျာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈၊ ၀၉ ၂၅၉၂၆၁၈၃၇၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com


http://kantkawwutyee.myanmaronlinesales.com
www.facebook.com/KantKawWutYeePublishing
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



သစ်စေ့ကလေးက တော်တော် ထူးဆန်းသည်။

အရောင်တွေ တလက်လက် ဖြာထွက်နေပြီး ဂမ္ဘီရဆန်နေတာမျိုးတော့ မဟုတ်။ သာမန် သစ်စေ့တစ်စေ့သာ ဖြစ်၏။ သို့တိုင်အောင် အရောင်က ညိုသလိုလို၊ စိမ်းသလိုလို ရောင်ပြေးဖြစ်နေပြီး တော်တော်လှသည်။ ခပ်ပါးပါး၊ ခပ်မျောမျော အဝိုင်းသဏ္ဍာန် ဖြစ်၏။ ဘေးမှာ ဝါဖျော့ဖျော့ အနားရစ်ပါသည်။ ရွှေပါးပါးကွပ်ထားသော အဖိုးတန် ကျောက်မျက်လေးတစ်ပွင့်လို သပ်ရပ်လှပသည်။

mgyoe.com

mgyoe.com SAMPLE BOOK



တစ်ခါမျှ မမြင်ဖူးသော သစ်စေ့ ဖြစ်၏။ ရုက္ခဗေဒကို ကျောင်းမှာ သင်ခဲ့ဖူးသည်။ ဆယ်တန်းတုန်းက သစ်စေ့မှ အပင်ပေါက်ပုံ အဆင့်ဆင့်ကို ကျက်ခဲ့ရသည်။ ပုံဆွဲလေ့ကျင့်ခဲ့ရသည်။ အစေ့ရွက် မြေအောင်းပေါက်ပင်၊ အစေ့ရွက် မြေပေါ်ပေါက်ပင်၊ အစေ့တွင်းစာရှိ၊ အစေ့တွင်းစာမဲ့ စသည်ဖြင့်။ ဒီလောက်ပဲ သိသည်။ ရုက္ခဗေဒပညာရှင်လည်း မဟုတ်။ စိုက်ပျိုးရေးပညာရှင်လည်း မဟုတ်သဖြင့် ဒါ ဘာပင်ရဲ့အစေ့လဲဆိုတာ မခွဲခြားတတ်။ အိမ်မှာ အလှထားသည့် သစ်ပင်ပန်းပင်မျိုးကိုတော့ စိုက်ဖူးသည်။ ဘူးစေ့တို့၊ ပဲစေ့တို့ကိုတော့ သိသည်။

ဒီသစ်စေ့ကလေးကို ရခဲ့ပုံကလည်း ခပ်ဆန်းဆန်းပဲ။

ရန်ကုန်သည် မြို့ပြဖွံ့ဖြိုးမှု တစ်ဟုန်ထိုး ကြီးထွားလာသည်။ အထပ်မြင့်တိုက်ကြီးတွေ စုပေါင်းထားသော ရပ်ကွက်ကြီးတွေ ပေါ်လာသည်။ ထို့အတူ သစ်ပင်အုပ်တွေ နည်းပါးသွားသည်။ တစ်ချိန်က သူနေသော အရပ်သည် ရွာကြီးတစ်ရွာ ဖြစ်၏။ ထို့နောက် မြို့တော်က ချဲ့လာသောအခါ ဆင်ခြေဖုံး ရပ်ကွက်တစ်ခု ဖြစ်လာ၏။ သို့တိုင်အောင် ရွာဖြစ်ခဲ့သော အငွေ့အသက်က မကုန်သေး။ ခြံတွေဝင်းတွေ၊ သစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်း ရှိခဲ့၏။ ပုတ်သင်ညို၊ ကင်းလိပ်ချော၊ ရှဉ့် စသော အကောင်ငယ်လေးများနှင့် ကျေးငှက်တို့ ပျော်ခဲ့ကြသောနေရာ ဖြစ်၏။

mgyoe.com

mgyoe.com
SAMPLE BOOK


နောက်တော့ တိုက်ကြီးတာကြီးတွေ ပေါ်လာ၊ လမ်းတွေက ချဲ့လာ၊ မော်တော်ကားတွေ များလာ၊ သစ်ပင်ကြီးတွေ နည်းလာသောအခါ တိရစ္ဆာန်ငယ်တွေလည်း ကျဲပါးကုန်တော့သည်။ သစ်ပင်ကို မှီခိုနေရသော ငှက်တွေလည်း သိပ်မမြင်ရတော့။ စာကလေးတွေလောက်သာ ပုံမှန်ကျက်စားတော့သည်။ တစ်ခါတစ်ရံကျမှသာ မျက်စိလည် လမ်းမှားလာသလား၊ ခရီးတစ်ထောက် ဝင်နားတာလားမသိရသော ဆက်ရက်တွေ၊ သပိတ်လွယ်ငှက်ကလေးတွေကို မြင်ရ၏။

တစ်ရက်မှာတော့ ချိုးကူသံကို ထူးထူးခြားခြား ကြားလိုက်ရ၏။ ဒီလို လွမ်းမောဖွယ် ကျေးငှက်မြည်သံမျိုး မကြားရတာကြာပြီ။ တစ်ခါတစ်ရံ ရောက်လာတတ်သော ဆက်ရက်အုပ်ဆီမှ ဆူဆူညံညံ အသံကိုပဲ အာသာပြေ နားထောင်ရင်း ကျေနပ်နေခဲ့ရတာ။

သူသည် စာရေးနေရာမှ ဘောလ်ပင်ကိုချပြီး ပြတင်းပေါက်ဆီ သွားရပ်သည်။ သူ့အိမ်ဝန်းကျင်မှာတော့ တမင်တကာကုတ်ကတ်ချန်ထားသော သစ်ပင်တချို့ ရှိနေသေးသည်။ သစ်ပင်တွေပေါ် လျှောက်ရှာကြည့်သည်၊ မတွေ့။ အသံကိုတော့ကြားနေရသည်။

အိမ်ပြင်ကို ထွက်လာခဲ့သည်။ ချိုးကူသံက အိမ်ဘေးဘက်မှ

mgyoe.com

mgyoe.com SAMPLE BOOK



ထွက်လာသည်ဟု ခန့်မှန်းရ၏။ သေတော့ မသေချာ။ တိရစ္ဆာန် အချို့သည် ဖိုမခေါ်သည့်အခါကျမှသာ သူတို့နေရာအမှန်အတွက် အသံပြုတတ်သည်။ တခြားအချိန်များတွင် ရန်သူကို လှည့်စားသည့် အနေဖြင့် အသံကို အခြားတစ်နေရာမှ ထွက်နေဟန် ပြုတတ်သည်ဟု ကြားဖူး၏။

အခု ကြားနေရတဲ့ ချိုးကူသံကတော့ ချစ်သူကို ဖိုသံပေးနေတာလား၊ လှည့်စားနေတာလား၊ မသေချာ။ အိမ်ဘေးဘက်ကို ပတ်ပြီး ကြည့်လိုက်တော့ ဟုတ်နေသည်။ ထားဝယ်မှိုင်းပင်တွေ ယှက်နွယ်နေတဲ့ အောက်မှာ။ ချိုးကလေးသည် မြေပေါ်မှာ ဟိုဒီလျှောက်နေသည်။ နှုတ်သီးမှာလည်း တစ်စုံတစ်ခုကို ကိုက်ချီထား၏။ သစ်စေ့ကလေးတစ်စေ့ ဖြစ်ပုံရသည်။ ချိုးငှက်သည် အသီးအနှံစားသော သတ္တဝါလား၊ ပိုးကောင် မွှားကောင်တို့ကို စားတာလား၊ အစုံစားတာလား သေသေချာချာ မသိ။

mgyoe.com

mgyoe.com SAMPLE BOOK



ချိုးငှက်ကို သေသေချာချာ မမြင်ဖူးသေး။ ချိုးအမျိုးအစားကလည်း သုံးလေးမျိုး ရှိသည်ဟု ကြားဖူး၏။ ဒီချိုးက ဘယ်အမျိုးလဲ။ အရောင်က မီးခိုးလိုလို ခိုပြာလိုလို။ ချိုးလည်ပြောက်ဆိုတာလည်း ရှိသေးသည်။ နည်းနည်းလှမ်းနေတာရယ်၊ ချိုးကလေးက ချုံနွယ်ကြားမှာ လျှောက်သွားနေတာရယ်ကြောင့် လည်ပင်းမှာ အပြောက် ပါ၊ မပါ သေသေချာချာ မမြင်ရ။ မြင်ကွင်းရှင်းအောင် ရှေ့နည်းနည်း တိုးကြည့်ရမည်။ တရုတ်စံကားပင်ကို ကွယ်၍ ကြည့်နေရာမှ ထွက်လိုက်သည်။ ရှေ့ကို တစ်လှမ်းချင်း တိုးသွားသည်။ ချိုးကလေးသည် တိရစ္ဆာန်တို့ သဘာဝအတိုင်း အစဉ်အမြဲ သတိကြီးစွာ ထားဟန်တူ၏။ ဆတ်ခနဲ တစ်ချက် စွေကြည့်ပြီးနောက် ဖျတ်ခနဲ ထပျံပြေးသွားလေသည်။

သူသည် ယောင်ပြီး လေးငါးလှမ်းလောက် ပြေးလိုက်သွားမိသေး၏။ ပြီးမှ ရပ်လိုက်သည်။ လည်ပင်းမှာ အပြောက်

mgyoe.com

mgyoe.com SAMPLE BOOK



ပါ၊ မပါ သတိထားမကြည့်မိလိုက်ခြင်းအတွက်လည်း နှမြောသလို ဖြစ်နေမိ၏။ စောစောက ချိုးကလေး ရှိနေခဲ့သည့် နေရာကို ရည်ရွယ်ချက်မရှိဘဲ လျှောက်သွားသည်။ ထိုစဉ်မှာပင် ချိုးကလေး နှုတ်သီးထဲမှ ကျကျန်ခဲ့သော သစ်စေ့ကလေးကို တွေ့ရခြင်း ဖြစ်လေ၏။

သူ့စိုက်ခင်းထဲမှာ ဘဝင်မကျတာ တစ်ခုတော့ ရှိ၏။ ချိုး

mgyoe.com

mgyoe.com SAMPLE BOOK



ကလေးသည် သစ်စေ့ကိုလည်း ကိုက်ချီထားသေးသည်။ ကူသံကိုလည်း ပြုသေးသည်။ ချိုးငှက်တို့သည် နှုတ်သီးထဲမှာ အရာဝတ္ထုတစ်ခုကို ကိုက်ချီလျက်က အော်မြည်နိုင်သလား။ ဒါမှမဟုတ် သစ်စေ့ကိုချလိုက် အော်လိုက်၊ ပြန်ကောက်ချီထားလိုက်များလုပ်တာလား။ ဒါဆိုလျှင်ကော ဘာရည်ရွယ်ချက်နဲ့လဲ။ သူ့အဖော်ကို ကြွေးချင်လို့ ခေါ်နေတာလား။ ခုလို သစ်စေ့ကလေး ကျကျန်ခဲ့တဲ့အတွက်တော့ နှမြောတသ ဖြစ်ချင်ဖြစ်နေလိမ့်မည်။ ချိုးကလေးသည် ဒီသစ်စေ့ကို ဘယ်နေရာ ဘယ်ဒေသကတည်းက ကိုက်ချီလာခဲ့ရလေသလဲ မသိ။

ဘာပဲဖြစ်ဖြစ် ထူးခြားသော သစ်စေ့ကလေးကို အပင်ပေါက်အောင် စိုက်ကြည့်မည်ဟု ဆုံးဖြတ်လိုက်သည်။ ဘာအပင်ပေါက်လာမယ်မှန်းတော့ မသိ။ ပန်းပင်ဖြစ်ချင်လည်း ဖြစ်မည်။ သီးပင်စားပင် ဖြစ်ချင်လည်း ဖြစ်မည်။

သစ်စေ့တစ်စေ့ အရွယ်အစားကိုကြည့်ပြီး အပင်ကြီးမျိုးလား၊ အပင်လတ်လား၊ အပင်ငယ်ဖြစ်မလား ခန့်မှန်းရခက်သည်။ ညောင်စေ့ဆိုလျှင် သေးသေးလေး၊ အပင်ကျတော့ ပေပေါင်းရာချီ မြင့်နိုင်သည်။ မန်ကျည်းစေ့နှင့် ကင်ပွန်းစေ့ကိုပဲ ကြည့်။ အရွယ်အစားချင်း၊ ပုံသဏ္ဌာန်ချင်းက သိပ်မကွာလှ။ အပင်ဖြစ်လာတော့မှ မန်ကျည်းပင်က အပင်ကြီးအဖြစ် ထိုးတက်သွားသည်။

mgyoe.com

.mgyoe.com SAMPLE BOOK



ကင်ပွန်းပင်က ချုံပုတ်အဖြစ် ကျန်ခဲ့သည်။ ပြီးတော့ အပင်ကြီးတိုင်းလည်း အသီးကကြီးတာ မဟုတ်။ ညောင်သီးဆိုလျှင် သေးသေးလေး။ ဖရုံပင်ကျတော့ မြေကြီးနား ကပ်နွယ်နေပါလျက် အသီးကကြီးသည်။ အရွက်ကျတော့ကော။ မန်ကျည်းရွက်က အပင်နှင့်မလိုက်အောင် သေးလွန်းသည်။ ပိန်းပင်ကျတော့ လူတစ်ရပ်တောင်မမြင့်ချင်ပါလျက် အရွက်တွေက ဖားဖားကြီး။

သူသည် သစ်စေ့ကလေးကိုစိုက်ဖို့ နေရာရွေးသည်။ စာရေးစားပွဲရှေ့ ပြတင်းပေါက်မှ လှမ်းကြည့်လျှင် မြင်နိုင်လောက်သည့်နေရာမှာ စိုက်ရမည်။ အရှေ့ဘက်ကျသဖြင့် မနက်ခင်း နေရောင်ရနိုင်သည်။ အပင်ကြီးများ၏ လောင်းရိပ်နှင့်လည်း လွတ်သည်။ မြေပေါ်မှာ ချစိုက်လို့ မဖြစ်။ ပန်းအိုးနှင့် စိုက်ရမည်။ အပင်ကြီးမျိုးဖြစ်နေလျှင်လည်း နောက်မှ မြေပေါ်ရွှေ့တော့မည်။

ထိုနေ့နံနက်က အမျိုးအမည်မသိ သစ်စေ့ကလေးကို စိုက်ဖို့ပြင်ဆင်ရင်း အချိန်ကုန်ခဲ့သည်။ သစ်စေ့ကလေးကို မြေကြီးထဲလက်တစ်ဆစ်သာသာလောက် နက်အောင် မြှုပ်ပြီး အပေါ်ကမြေဖွဖွ ပြန်အုပ်သည်။ အပေါ်က ရေဖျန်းပေးရင်းက တစ်ခု သွားစဉ်းစားမိ၏။

အချစ်ဆိုသည်မှာ ချိုးငှက်ကလေးလိုပင် အသံပေးပြီး ဘာမှထင်ထင်ရှားရှား မမြင်ရခင် ရုတ်တရက် ထပျံပြေးတတ်တာမျိုး

mgyoe.com

mgyoe.com SAMPLE BOOK




လား။ အချစ်ဝတ္ထုတစ်ပုဒ် ဆိုတာကကော စောစောက ချိုးငှက်ကလေး ကျကျန်ရစ်ခဲ့သော သစ်စေ့ကလေးတစ်စေ့လိုပဲလား။

ရေးလက်စ ဝတ္ထုကလေးသည် ရှေ့ဆက် ဘာတွေများ ဖြစ်လာလေမလဲ။

□

mgyoe.com

mgyoe.com SAMPLE BOOK



သူသည် အချစ်ဝတ္ထုစာရေးဆရာ ဖြစ်၏။ ဒါကလည်း စာပေဝေဖန်ရေးဆရာများက သတ်မှတ်ထားခြင်း ဖြစ်၏။ သူသည် အချစ်ဝတ္ထုတွေချည်းလိုလို ရေးနေသူတစ်ယောက်တော့ မှန်သည်။ သူ ရေးခဲ့သမျှ ဆယ်ပုဒ်မှာ ကိုးပုဒ်က အချစ်ဝတ္ထုတွေ ဖြစ်၏။ တစ်ခါတလေ အချစ်မပါဘဲ ဘဝဆန်သော ဝတ္ထုမျိုး ရေးကြည့်သည်။ မအောင်မြင်။ ပရိသတ်က ဟက်ဟက်ပက်ပက် မရှိ။ စာပေဝေဖန်ရေးဆရာတွေကလည်း မသိကျိုးကျွန်ပြုနေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK



တချို့ စာဖတ်ပရိသတ်တွေဆိုလျှင် သူ့ဆီ စာရေး၍ သူ့အရေးအသား သည် ဘဝသရုပ်ဖော်နှင့် မလိုက်ကြောင်း၊ အချစ်ဝတ္ထုတွေသာ ရေးစေချင်ကြောင်း ပွင့်ပွင့်လင်းလင်း ဝေဖန်ကြသည်။

သူ့ရေးဟန်က ပျော့ပျောင်းသည်။ ဝါကျတည်ဆောက်ပုံတွေ နွဲ့နှောင်းသည်။ စကားလုံးတွေ လှပသည်။ ဝေ့ဝေ့ဝဲဝဲ ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးပုံသည် သူ၏ပင်ကိုဟန် ဖြစ်၏။ ဘဝသရုပ်ဖော်နှင့် မလိုက်။ အချစ်ဝတ္ထုအနေနှင့်ဆိုလျှင်တော့ အလွန်စွဲမက်ဖွယ်ကောင်းသော အရေးအသားပင် ဖြစ်၏။ ပရိသတ်ကလည်း ဒါကိုပင် ကြိုက် နှစ်သက်ခြင်း ဖြစ်၏။ အချစ်ဝတ္ထုရေးရာမှာတော့ အောင်မြင်သော စာရေးဆရာ တစ်ယောက်အဖြစ် သတ်မှတ်နိုင်သည်။

သူသည် အမှန်ပင် အချစ်ဝတ္ထုတွေ ရေးနေသော်လည်း ‘အချစ်ဝတ္ထုရေးဆရာ’ဟု တံဆိပ်တပ်ခံရတာကိုတော့ သိပ်ဘဝင် မကျလှ။ ဝေဖန်ရေးဆရာတို့၏ ဝေါဟာရ အဓိပ္ပာယ် သတ်မှတ်ချက် အရ အချစ်ဝတ္ထုဆိုသည်မှာ စာပေအရာမဝင်သော အပျော်ဖတ်တွေ၊ အချစ်ဝတ္ထုရေးဆရာ ဆိုတာလည်း ခပ်နှိမ်နှိမ်လေး ခေါ်ချင်သည့် သဘောနှင့် သုံးနှုန်းခြင်း ဖြစ်၏။ ဒီဆရာတွေဟာ အချစ်နဲ့ ပတ်သက်လို့ နာကြည်းစရာ အတိတ်ဇာတ်ကြောင်းတွေ ရှိခဲ့လို့များ အချစ်ဝတ္ထုတွေအပေါ် ခုလို မကြည်မသာ ဖြစ်နေရတာလားဟု တစ်ခါတစ်ခါ တွေးမိ၏။ သူတို့သည် လူပျိုကြီးတွေလည်း မဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK



ကြဘဲနဲ့ သူတို့ရဲ့ ဇနီးတွေကိုကော မချစ်ကြဘူးလား။ ဘဝရဲ့ လက်တွဲဖော်အဖြစ်လောက်သာ သဘောထားကြသလား။ ယယ်ယယ် တုန်းကကော ရည်းစားတွေ ဘာတွေ မထားခဲ့ဖူးဘူးလား။

သူကတော့ စာရေးသူမှန်သမျှကို စာရေးဆရာလို့ပဲ ခေါ်စေ ချင်သည်။ ကဗျာဆရာ ဆိုတာတောင်မှ ဝတ္ထု၊ သို့မဟုတ် တခြား စာပေအမျိုးအစား ရေးသူတွေနှင့် ကွဲပြားအောင် ဝိသေသပြုထား ခြင်းသာ ဖြစ်၏။ ကဗျာဆရာသည်လည်း စာရေးဆရာ ခေါင်းစဉ် အောက်မှာ ပါဝင်နေသည်ဟု ထင်၏။

ဒီလိုကိစ္စမျိုးတွင် ပန်းချီ၊ ပန်းပု၊ ကာတွန်းမှာတော့ ရှင်း သည်။ ရေဆေးသမား၊ ဆီဆေးသမား၊ သစ်သားလိုင်း၊ ပလတ် စတာလိုင်း ဟူ၍ အထူးပြုတာလောက်သာ လိုအပ်လျှင် ခွဲခြားသည်။ ပန်းချီမှာ ဗိုင်းနှင့် ကော်မာရှယ် ဟူ၍ လုပ်ငန်းကို မူတည်ပြီး ပန်းချီကားဆွဲသူနှင့် သရုပ်ဖော်ပန်းချီဆွဲသူ ဟူ၍ ခွဲထားတာလောက် သာ ရှိသည်။ ဒါကလည်း လိုအပ်မှသာ ကွဲပြားအောင် ပြောခြင်း ဖြစ်၏။ သူတို့မှာ အချစ်ပန်းချီဆရာ၊ ဟာသပန်းပုဆရာ၊ ဘဝ သရုပ်ဖော် ကာတွန်းဆရာ ဟူ၍ မရှိ။ စုံထောက်ဝတ္ထုပဲရေးရေး၊ ဟာသပဲရေးရေး၊ ဂမ္ဘီရပဲရေးရေး အားလုံး စာရေးဆရာ စာရင်း ဝင်တာပဲဟု သူက ယူဆသည်။

mgyoe.com

mgyoe.com · SAMPLE BOOK



တစ်ဖက်က ကြည့်ပြန်တော့လည်း အချစ်ဝတ္ထုရေးသူ တချို့က အပြာရောင် သန်းချင်တာမျိုး၊ သစ္စာတရားကို သွေဖည်စေသော အရေးအသား အကြောင်းအရာမျိုးတွေ တင်လာသဖြင့် အချစ်ဝတ္ထုတွေ နာမည်ပျက်ရခြင်း ဖြစ်၏။ ဘဝသရုပ်ဖော် ရေးနေသူတွေထဲမှာလည်း မေတ္တာဖွဲ့ဝတ္ထုသန့်သန့်လေးတွေ ရေးနိုင်သည့်လက်တွေ ရှိသည်။ သို့ရာတွင် သူတို့မှာ ဘဝသရုပ်ဖော်သမား ဆိုသော ခေါင်းစဉ်ကြီးအောက်က ရုန်းမထွက်နိုင်သဖြင့် အချစ်ဝတ္ထု ကောင်းကောင်းသန့်သန့်ကလေးတွေ ဖန်တီးခွင့် ဆုံးရှုံးသွားရသည်။

ဟိုတစ်ချိန်က ဘဝသရုပ်ဖော်စာပေတွေ တော်တော် ခေတ်ကောင်းလိုက်သေးသည်။ ဆိုရှယ်လစ်ခေတ်ဖြစ်သောကြောင့် မူဝါဒကလည်း အလုပ်သမား၊ လယ်သမားကို အခြေခံသည်။ ထိုအခါ လူတန်းစား ဘဝသရုပ်ဖော်ဆိုသော စကားလုံး ခေတ်စားလာသည်။ ဘဝသရုပ်ဖော်မှ ဘဝသရုပ်ဖော်၊ ဘဝသရုပ်ဖော်ရေးမှ အရာဝင်သည်။ အချစ်ဝတ္ထုဆိုလျှင် စာပေနယ်မှာ လုံးဝမရှိအောင် တိုက်ဖျက်ပစ်ရမည် ဆိုတာမျိုးအထိ ကြွေးကြော်သူတွေတောင် ရှိသည်။ ဒီကြားထဲကပင် အချစ်ဝတ္ထုတွေ အမြောက်အမြား ထွက်ခဲ့သေးသည်။

နောက်တော့ ခေတ်က ပြောင်းသွားသည်။ ဘဝသရုပ်ဖော် ဝတ္ထုတွေ အထွက်ကျဲလာသည်။ တချို့ စာရေးဆရာတွေက ဘဝသရုပ်ဖော်လိုင်းကို ကျောခိုင်းသွားကြသည်။ ဘဝသရုပ်ဖော်ခေတ်

mgyoe.com

mgyoe.com SAMPLE BOOK



ကုန်ပြီဟု ဆိုသူက ဆိုသည်။ အနုပညာသက်သက်သမား တချို့က အခွင့်အရေးရတုန်း ဘဝသရုပ်ဖော်စာပေကို အပြတ်နှိပ်ကွပ်ဖို့ ကြိုးစားခဲ့ကြတာလည်း တွေ့ရသည်။ ဒီအခြေအနေမှာ ဘဝ သရုပ်ဖော်လိုင်းကိုပင် သတ္တိရှိရှိ ဆက်ပြီး ဆုပ်ကိုင်နေသူ တချို့တော့ ကျန်သေးသည်။ စာပေတိုက်ပွဲကလည်း ဂန္ထဝင်နှင့် မော်ဒန် အားပြိုင်မှုအဖြစ် အသွင်ပြောင်းလာသည်။

တကယ်တော့ အလုပ်သမား၊ လယ်သမား ဆိုသည်မှာ ဘယ်တော့မှ တိမ်ကောသွားမည့် လူတန်းစားများ မဟုတ်။ ခုမှ ပိုတောင် အရေးပါလာသေးသည်။ စီးပွားရေး ကျယ်ပြန့်လာတော့ လုပ်ငန်းတွေက ပိုများလာသည်။ ဘဝတွေက ပိုစုံလာသည်။ ရေးစရာ အကြောင်းအရာတွေ၊ အကွက်အကွင်းတွေ၊ ဇာတ်လမ်းတွေက အများကြီးရနိုင်သည်။ လူရှိလျှင် ဘဝရှိမည်ပင် ဖြစ်၏။ ထိုအခါ ထိုဘဝတွေအကြောင်း သရုပ်ဖော်သောစာတွေလည်း ရှိကို ရှိရမည် ဖြစ်၏။

ထို့အတူ လူတွေ ရှိနေသမျှ အချစ်ရှိနေမည် ဖြစ်၏။ ကမ္ဘာကြီးရှိနေသမျှလည်း လူတွေရှိနေမှာပဲ ဖြစ်၏။ အချစ်အကြောင်း ရေးခြင်းသည် လူအကြောင်းရေးခြင်းပင် ဖြစ်၏။ လူတွေအကြောင်း သရုပ်ဖော်နေခြင်းပင် ဖြစ်၏။ သစ္စာရှိသောလူ၊ သစ္စာမဲ့သောလူ၊ စွန့်လွှတ်အနစ်နာခံတတ်သောလူ၊ တစ်ကိုယ်ကောင်းဆန်တတ်


mgyoe.com

mgyoe.com SAMPLE BOOK



သောလူ စသည်ဖြင့် လူတို့၏ စရိုက်မျိုးစုံကို အချစ်ဝတ္ထုတွေထဲမှာ ရှာကြည့်နိုင်သည်။

သူကတော့ ဘယ်သူတွေ ဘာပဲပြောပြော အချစ်မေတ္တာ



mgyoe.com

mgyoe.com SAMPLE BOOK



ဘွဲ့ဝတ္ထုတွေ ရေးရတာကိုပဲ အရသာတွေ့သည်။ သစ္စာတရားကို အခြေခံသော၊ ရိုးသားသန့်စင်သော အချစ်ဝတ္ထုတွေ ရေးရတာကို လိပ်ပြာလုံသည်။ လူတွေမှာ အမုန်းတရားတွေ လျော့ပါးပြီး ချစ်တတ်လာအောင် လှုံ့ဆော်စည်းရုံးရတာ ကောင်းတဲ့ ရည်ရွယ်ချက် တစ်ခုပဲ မဟုတ်လား။

ခုလည်း အချစ်ဝတ္ထုတစ်ပုဒ် ရေးဖို့ အစပျိုးနေသည်။ ဒီတစ်ခါ ရေးမည့် အကြောင်းအရာက နည်းနည်းထူးခြားသည်။ ဒီဝတ္ထုကို စရေးနေစဉ်မှာပင် ချိုးငှက်ကလေး ချထားခဲ့သော သစ်စေ့ ကလေးကို ရရှိခဲ့ခြင်း ဖြစ်၏။

❑

mgyoe.com

mgyoe.com 

သစ်စေ့ကလေးကို စတင်စိုက်ပျိုးခဲ့တာ တစ်ပတ်ရှိသွားပြီ၊ မနက်တိုင်း ရေချိုးခါနီးမှာ ပန်းအိုးပေါ် ရေဖျန်းပေးနေခဲ့သည်၊ ခုထိ ဘာမျှမထူးခြားသေး။ မျိုးစေ့မအောင်သော အစေ့များ ဖြစ်နေမလား။ မြေကြီးကို ပြန်ဆွပြီး ဖော်ကြည့်မည် စိတ်ကူးသေးသည်။ မဖြစ်သေး။ သစ်စေ့က မြေတွင်းမှာပင် အညှောက်ထွက်ချင်ထွက်နေလိမ့်မည်။ ဖော်လိုက်မှ ထိခိုက်သွားလျှင် ခက်မည်။ ဒါမှ မဟုတ် သူကြိုက်နှစ်သက်တဲ့ ရာသီပဲ မရောက်သေးလို့ မပေါက်သေးတာလား။

ဘူးစေ့တို့၊ ပဲကြီးစေ့တို့လို ရေစိုအဝတ်ကလေးနှင့် ထုပ်ထားပြီး အညှောက်ထွက်တော့မှ မြေကြီးထဲ ပြောင်းစိုက်ရကောင်းသားဟု တွေးမိပြန်၏။ ခုချိန်ကျမှတော့ ဘာမျှမတတ်နိုင်။ စိတ်ရှည်ရှည်

mgyoe.com

mgyoe.com SAMPLE BOOK



ထားပြီး စောင့်ဖို့ပဲ ရှိ၏။ သူသည် ပိုက်ဆံကို မြေကြီးထဲမြှုပ်ပြီး အပင်ပေါက်လာမလားလို့ နေ့စဉ် စောင့်ကြည့်ခဲ့ရသော ကလေးဘဝကို သတိရမိ၏။

ခုအချိန်မှာတော့ ဒီအပင်ကို ပိုက်ဆံပင် မဖြစ်စေချင်။ ဝတ္ထုပင်ပဲ ဖြစ်စေချင်သည်။ သစ်စေ့ကလေးကနေ အပင်ပေါက်လာ၊ နောက်တော့ ထိုသစ်ပင်မှ ကဗျာပွင့်တွေပွင့်၊ ဝတ္ထုသီးတွေသီး၊ ရင့်မှည့်လာတော့ ခူးပြီး မဂ္ဂဇင်းတိုက်တွေကို ပို့၊ ခေါင်သီးကြီးတွေကတော့ လုံးချင်းဝတ္ထု ဖြစ်လာလိမ့်မည်။ ဘယ်လောက် ဟန်ကျလိုက်မလဲ။ ခုလို အပင်ပန်းခံပြီး ရေးနေစရာ၊ တွေးနေစရာ မလိုတော့။

စာရေးရတာ တစ်ခါတစ်ခါ အလွန်ငြီးငွေ့ဖို့ကောင်းသည်။ စာတစ်မျက်နှာရဖို့ စာလုံးအရေအတွက်ပေါင်း သုံးရာကျော်လောက် ရေးရသည်။ လုံးချင်းဝတ္ထုတစ်ပုဒ်ဆိုလျှင် စာလုံးရေ သောင်းဂဏန်းမှ သိန်းဂဏန်းအထိ ရှိမည်။ ထိုစာလုံးများမှာလည်း စံပယ်ပန်းသီသလို ဆန်ခါထဲမှာ အဆင်သင့်ရှိနေသော အပွင့်တွေကို ကောက်သီရတာမျိုး မဟုတ်။ လေထဲမှာ ပြန့်ကျဲနေသော စကားလုံးများကို ဟိုတစ်စ ဒီတစ်စ တွဲစပ်ယူရခြင်း ဖြစ်၏။ တစ်ခါတလေ စကားလုံး ဆယ်လုံးတောင် မပြည့်ချင်သော ဝါကျတစ်ကြောင်းအတွက် ဦးနှောက်တွေ

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com